

# Tablet ဝယ်သုံးမယ်ဆိုရင်

Tablet တွေက ခေတ်ရေစီးကြောင်းထဲကို အဟုန်နဲ့ တိုးဝင်လာတာပါ။ သူက smartphone နဲ့ laptop ကြားထဲက လိုအပ်နေတဲ့ ကွက်လပ်ကို ဖြည့်ပေးမယ်ဆိုပြီး ဝင်လာတာဖြစ်ပါတယ်။ ၇ လက်မအရွယ်ကစလို့ ၁၀ လက်မအရွယ်အထိ မျိုးစုံရှိနေပြီး dock-able keyboard တပ်ဆင်လို့ရတာ ၊ game control ပါဝင်တာတို့အပြင် အလွန်ပါးလွှာတဲ့ အားသာချက်ရှိတာ ဆိုပြီး slate အမျိုးအစားပေါင်းများစွာကို ရွေးချယ်လို့ရနေပါတယ်။

တစ်သီတစ်တန်းကြီး ထွက်ပေါ်လာနေတဲ့ tablet တွေနဲ့ သူတို့မှာပါဝင်လာတဲ့ နည်းပညာတွေကိုကြည့်ပြီး လက်တွေ့နဲ့ ကင်းကွာသွားမှာကို စိုးရပါတယ်။ Tablet တွေဟာ တကယ်လည်း smartphone တွေထက် စွမ်းဆောင်ရည်ပိုကောင်းပြီး laptop ထက်စာရင်လည်း portable ပိုဖြစ်ပါတယ်။ ပြောရရင် tablet တွေက ကိုယ့်ရဲ့ အင်္ကျီအိတ်ကပ်နဲ့မဆံ့တဲ့ smartphone တွေ၊ ဒါမှမဟုတ် horsepower နဲ့ storage သိပ်မပေးနိုင်တဲ့ laptop တွေလို့ ပြောရင်လည်း မမှားပါဘူး။

ဈေးနှုန်းပိုင်းအနေနဲ့ ပြောရရင်လည်း ကောင်းမွန်တဲ့ laptop ရော၊ smartphone နဲ့ tablet ပါ အနည်းဆုံး ဒေါ်လာ ၄၀၀ ကနေ ဒေါ်လာ ၈၀၀ ကြားမှာ ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် laptop ဝယ်ပြီး ကိုယ်ဘာအတွက်သုံးမယ်ဆိုတာက အရေးကြီးပါတယ်။ Office task တွေလို အလုပ်မျိုးတွေ လုပ်ဖို့ဆိုရင်တော့ laptop ကိုသာ ရွေးပါ။ Tablet တွေကို complaint လုပ်ထားတာလည်း ရှိနေပါတယ်။ အဲဒါတွေကတော့ ...

စွန်းရာထင်းရာတွေနဲ့ ပေရေလွယ်တဲ့ screen
လဲလှယ်လို့မရတဲ့ battery
Adobe Flash ထည့်သုံးလို့မရတာ
Print ထုတ်ဖို့ အခက်အခဲရှိတာ
စာရိုက်ရမကောင်းတာ
User account အများကြီး မလုပ်နိုင်တာ
Business software ထောက်ပံ့ပေးမှုနည်းတာ
စတဲ့ အချက်တွေပဲဖြစ်ပါတယ်။

## Tablet ပေါ်က OS များရဲ့ Pros & Cons

### iOS

**Pros:** App Store ရှိပြီး media playback ရပါတယ်။ Game တွေအများကြီး ရွေးချယ်လို့ရနိုင်ပြီး tablet အတွက် သီးသန့်ထုတ်ထားတဲ့ app တွေရှိပါတယ်။ Multitouch support ရှိတာ၊ security option ပါဝင်ပြီးသားဖြစ်တာ၊ တခြား Apple product တွေနဲ့ အလွယ်တကူ ချိတ်ဆက်နိုင်တာ၊ ပြီးတော့ online update ရနိုင်တာတို့ ဖြစ်ပါတယ်။

**Cons:** User တွေက app တွေကို Apple ဆီကနေပဲ ဝယ်ရပါမယ်။ Mac နဲ့ Windows software တွေကို မသုံးနိုင်ပါဘူး။ Adobe Flash compatable မဖြစ်ပါဘူး။ Apple hardware တွေနဲ့ပဲ run ပါလိမ့်မယ်။

### Windows

**Pros:** ရင်းနှီးမှုရှိပြီးသား interface ရှိပါတယ်။ Hardware နဲ့ software အများအပြားနဲ့ တွဲဖက်အသုံးပြုနိုင်ပါတယ်။ Adobe Flash support ရှိပြီး multitaking ရတာ screen size အမျိုးမျိုးကို ရွေးချယ်နိုင်ပါတယ်။

**Cons:** Android ၊ ဒါမှမဟုတ် iOS တို့ထက် boot time ပိုကြာပါတယ်။ Software တွေ ထည့်သွင်းရင်လည်း အခက်အခဲရှိပြီး virus ကူးစက်ဖို့ ပိုမိုလွယ်ကူပါတယ်။

### Android

**Pros:** ရွေးချယ်စရာ app တွေ တစ်ပုံတစ်ခေါင်းကြီးပါ။ Boot time လည်း မြန်ပြီး support လုပ်တဲ့ hardware တွေလည်း အများကြီးပါပဲ။ Google ရဲ့ web-based service တွေ တစ်ခါတည်း ပေါင်းစပ်ပါဝင်ပြီးသားပါ။ (ဥပမာ – search ၊ maps ၊ email )

**Cons:** Honeycomb ရှေ့ပိုင်း Android feature နဲ့ developer spec တွေက tablet တွေထက် smartphone တွေနဲ့ ပိုကိုက်ညီပါတယ်။ Accessory တွေ တွဲဖက်သုံးစွဲနိုင်မှုကလည်း ထုတ်လုပ်သူတစ်ဦးနဲ့ တစ်ဦး မတူညီနိုင်ပါဘူး။ Media နဲ့ gaming ပိုင်းမှာဆိုရင်လည်း iOS ကို မီဖို့ လိုပါသေးတယ်။

## Screen Sizes

### ၁၀ လက်မနဲ့အထက်

**Pros:** Webpage တွေကို zoom လုပ်ကြည့်စရာမလိုတဲ့အပြင် size ပြင်စရာလည်း မလိုပါဘူး။ Digital magazine တွေနဲ့ e-book တွေအတွက်လည်း ပုံမှန်အရွယ်အစားပါပဲ။ Touch screen keyboard ဆိုရင် laptop အရွယ်အတိုင်း ဖြစ်နေပြီး document တွေ ဖန်တီးပြင်ဆင်ဖို့အတွက် ကောင်းပါတယ်။ Video တွေနဲ့ ဓာတ်ပုံတွေ share လုပ်ရ ပိုလွယ်ပြီး game experience လည်း ပိုကောင်းပါတယ်။

**Cons:** သူ့ထက်ပိုသေးတဲ့ပစ္စည်းတွေလောက်တော့ portable မဖြစ်တော့ပါဘူး။ Laptop screen အရွယ်အစားလောက်လည်း မကြီးဘဲ smartphone တွေအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ app တွေဆိုရင်လည်း ကြည့်မကောင်းပါဘူး။ ပြီးတော့ screen ပိုကြီးလေ ပိုခြစ်မိလေ၊ ပိုစွန်းထင်းလွယ်လေဖြစ်ပါတယ်။



### ၇ လက်မ

Pros: ပေါ့ပါးပြီး ကိုင်ထားရလည်း လွယ်ကူပါတယ်။ Smartphone app တွေကိုသုံးရင်လည်း ကြည့်ရမဆိုးသွားစေလောက်အောင် screen အရွယ်က အနေတော်ဖြစ်နေပါတယ်။ E-book တွေအတွက်လည်း ပုံမှန်အရွယ်အစားပါပဲ။

Cons: Smartphone အများစုလိုပါပဲ website အများစုက size တွေ သေးကုန်လို့ size ပြန်ချိန်နေရပါတယ်။ Keyboard ကလည်း လက်နှစ်ဖက်နဲ့ ရိုက်ဖို့ဆိုရင် သေးလွန်းပါတယ်။ အိတ်ကပ်ထဲထည့်ဖို့ဆိုရင်လည်း ကြီးလွန်းနေပြီး email တို့ document တို့ သုံးဖို့ဆိုရင်လည်း သေးလွန်းနေပြန်ပါတယ်။

### ၅ လက်မနဲ့အောက်

Pros: အိတ်ကပ်နဲ့ ဆံ့ပြီး smartphone app တွေဆိုရင်လည်း ပုံမှန်အတိုင်းပါပဲ။ ပေါ့လည်း ပေါ့ပါးပါတယ်။

Cons: Web browsing နဲ့ email တို့အတွက်ကတော့ smartphone တွေနဲ့ ထူးမခြားနားပါပဲ။ သေးတော့ battery capacity လည်း လျော့သွားပါတယ်။

## ဘာတွေကို ရှောင်ရမလဲ

ဈေးသက်သာလွန်းတဲ့ Android tablet တွေက တစ်နေ့ထက်တစ်နေ့ အပြိုင်းအရိုင်းပဲ ပေါ်ထွက်လာနေတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒေါ်လာတစ်ရာနဲ့ အောက်ပိုင်း tablet တွေက ဝယ်ပြီးခါမှ စိတ်ပျက်စရာကောင်းမှန်း သိရပါလိမ့်မယ်။ ကိုယ်က app တွေအများကြီး သုံးလို့ရတဲ့၊ ဒါမှမဟုတ် လှပတဲ့ interface နဲ့ tablet ကို မျှော်လင့်ထားပေမယ့် တကယ်တမ်းတော့ နှေးကွေးပြီး သုံးရခက်တဲ့ interface နဲ့ အရည်အသွေး မပြည့်မီတဲ့ screen နဲ့ တိုးနိုင်တာကြောင့် သေချာလေ့လာ ဆန်းစစ်ပြီးမှ ဝယ်ယူသင့်တယ်ဆိုတာကို သတိပေးပါရစေ။ အခု PCWorld စာဖတ်ပရိသတ်တွေအတွက် ပြည်တွင်းက branded tablet တွေအကြောင်းကို တင်သွင်းတဲ့ ကုမ္ပဏီကတာဝန်ရှိသူတွေနဲ့ မေးမြန်းဖြေကြားချက်လေးတွေကို ဖော်ပြပေးချင်ပါတယ်။

# kindle fire

ဈေးပိုကြီးတဲ့ Apple နဲ့ android tablet တွေမှာ tech specification တွေ မပါဝင်တာကလွဲရင် ၁၉၉ ဒေါ်လာတန် kindle fire က ကောင်းမွန်တဲ့ entertainment တစ်ခုပဲဖြစ်ပါတယ်။

**Kindle Fire Specifications**
- Android
- 1024 x 600 ( 169 ppi )
- Touchscreen
- Flash Memory 8 GB
- Dual-Core
- 802.11b/g/n
- Stereo speakers
- 1 x Hi-Speed USB - 5 pin Micro-USB Type B, 1 x Headphones - Output - Mini-phone stereo 3.5 mm
- Recharge Time 4 hour(s)
- Weight 14.6 oz





# iPad 2

iPad2 ကကောင်းပါတယ်။ ကိုယ်က tablet တစ်လုံးလိုချင်တယ် ဆိုရင်တော့ iPad2 က ရွေးချယ်စရာတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ့်မှာ iPad ရှိပြီးသားဆိုရင်တော့ iPad2 ကို upgrade လုပ်ချင်တဲ့စိတ်ကို ခဏထိန်းထားလိုက်ပါဦး။ ဘာလို့လဲဆိုတော့ မတ်လထဲမှာ iPad3 ကို စတင်ဖြန့်ချိမှာဖြစ်တဲ့အတွက်ဖြစ်ပါတယ်။

**iPad2 Specifications**
- 4:3 aspect ratio
- 1024×768 px (1080p – video out via Apple Digital AV Adapter; support simultaneous charging)
- Camera Front: VGA up to 30 frame/s with audio
- Camera Back: 1280x720 up to 30 frame/s with audio
- Touchpad Capacitive touchscreen[6] Connectivity Wi-Fi (802.11 a/b/g/n)
- Bluetooth 2.1 + EDR
- Wi-Fi + 3G GSM model, Wi-Fi + 3G CDMA model
- iTunes Store, App Store, MobileMe, iBookstore, Game Center, Photo Booth, iCloud

# iPad 3

Apple က iPhone4S ကို iPhone4 ရဲ့ design အတိုင်း မပြောင်းလဲဘဲ ထုတ်လုပ်ခဲ့တာဟာ အမိုက်အမှားလို့ ထင်ပါတယ်။ iPhone4 ရဲ့ version အတိုင်းကို feature နည်းနည်း ထပ်ထည့်ထားတာဖြစ်ပါတယ်။ အခုလဲ ဒီလိုအမှားမျိုးကို နောက်ထပ် လုပ်လိုက်ပြန်ပါပြီ။ iPad3 ရဲ့ကိုယ်ထည်က iPad2 ထက် 1mm ပဲပိုထူပြီး အနောက်ဘက်က camera က နည်းနည်း ပိုကြီးလာတာပဲရှိပါတယ်။

**iPad3 Specifications**
- 0.01 thicker
- Camera Back: 1080p recording and 5 megapixel stills
- 1536×2048
- lowest capacity 32GB, highest 128GB
- CPU: 1.5Ghz (dual core)
- Stereo speakers, stereo microphones
- Battery: 30Wh
- Power adapter: 12.5W
- iOS 4.3 beta
- no home button
- Bluetooth 3.0



# Samsung GALAXY Tab 10.1



Real world မှာ အသုံးပြုမှုတွေအရ Samsung Galaxy Tab 10.1 ဟာ file တွေကို ရွှေ့ပြောင်းတဲ့နေရာမှာ အခုထိအနိုင်ရနေဆဲဖြစ်ပါတယ်။ Tablet နဲ့ computer ကို USB ကြိုးနဲ့ ဆက်သွယ်ပြီး memory ထဲကို file တွေ လွတ်လပ်စွာ drag & drop လုပ်နိုင်ပါတယ်။ OS နဲ့ pre-installed apps အပါအဝင်ဆိုရင်တော့ memory က 13GB လောက်ပဲ အသုံးပြုဖို့ကျန်တော့မှာဖြစ်ပါတယ်။

**Samsung Galaxy Tab 10.1 Specifications**
- Android 3.1 (Honeycomb)
- Display Resolution: 1280 x 800
- Flash Memory 32 GB
- RAM 1 GB
- ROM 32 GB
- Processor NVidia Tegra 2
- Rear-facing Camera 3 megapixels
- Front-facing Camera 2 Megapixel
- 802.11 a/b/g/n, Bluetooth 2.1 EDR
- Microphone , Stereo speakers
- Touch-screen
- 1 x Headphones - Mini-phone stereo 3.5 mm,1 x USB
- Lithium polymer
- Black
- LCD display
- 1.32 lbs

# Samsung GALAXY Tab 8.9

Computer တွေ၊ mobile phone တွေလိုမျိုး tablet တွေက one-size-fits-all technology မဟုတ်ပါဘူး။ Apple က iPad တွေအများကြီး ရောင်းနေပေမယ့် လူတွေက နည်းနည်းပိုပြီး ကျစ်လျစ်တာမျိုးကို လိုချင်ကြပါတယ်။ တကယ်လို့ ကိုယ်က Android tablet တစ်လုံး လိုချင်တယ်ဆိုရင်တော့ အရွယ်အစား အရမ်းမသေးတဲ့ Samsung Galaxy Tab 8.9 က အသင့်တော်ဆုံးပါပဲ။ သူ့ရဲ့အရွယ်အစားက smartphone အကြီးစားတွေလိုဖြစ်ပါတယ်။ 16GB ကို ၄၆၉ ဒေါ်လာ ကျသင့်မှာဖြစ်ပြီး 32GB ကို ၅၆၉ ဒေါ်လာကျသင့်မှာဖြစ်တယ်လို့ သိရပါတယ်။



**Samsung Galaxy Tab 8.9 (16GB) Specifications**
- Android 3.1 Honeycomb
- 8.9 in
- Display Resolution: 1280 x 800
- Memory: 16 GB
- Processor: Dual-Core
- Rear-facing Camera 3 megapixels
- Front-facing Camera 2 Megapixel
- Bluetooth 3.0,802.11 a/b/g/n
- Microphone , Speaker
- Touch-screen
- 1 x Hi-Speed USB
- Lithium polymer, 6100 mAh
- Color Metallic gray
- Weight 447 g

# acer



### နောက်ဆုံးရောက် tablet model ၂ မျိုး

နောက်ဆုံးရောက် tablet model ၂ မျိုးကတော့ Acer Iconia W500 နဲ့ Acer Iconia A501 တို့ ဖြစ်ပါတယ်။ အသစ်ရောက်မှာကတော့ Acer Iconia A100 ဖြစ်ပါတယ်။

### Model တစ်ခုချင်းစီရဲ့ အကောင်းဆုံးအချက်

Acer Iconia W500 အတွက် အကောင်းဆုံးအချက်က Windows 7 Home Premium ကိုသုံးထားတာပါ။ Windows 7 ရဲ့ function တွေအားလုံးကို computer တစ်လုံးလို အသုံးပြုလို့ရတဲ့အပြင် docking ပါဝင်လို့ netbook ပုံစံအသွင် အသုံးပြုလို့ရပါတယ်။

Acer Iconia A501 ကတော့ Android Honeycomb ကို သုံးထားတာပါ။ သူကတော့ entertainment ပုံစံအသုံးပြုဖို့ ပိုကောင်းပါတယ်။ Nvidia Tegra processor ကို အသုံးပြုထားတဲ့အတွက် performance က သူများနဲ့မတူအောင် ကောင်းမွန်ပါတယ်။ ရုပ်ထွက်နဲ့ touch တွေကို လျင်လျင်မြန်မြန် တုံ့ပြန်နိုင်ပါတယ်။ Acer Iconia A100 ကတော့ graphic မှာ နာမည်ကြီးတဲ့ Nvidia Tegra processor ကို အသုံးပြုထားပြီး HD video တွေကို ကောင်းကောင်းမွန်မွန် ထောက်ပံ့ပေးပါတယ်။ Application တွေကို တစ်ပြိုင်နက်အသုံးပြုလို့ ရပါတယ်။

**Acer Iconia A100**
- 600×1024 pixels, 7.0 inches (~170 ppi pixel density)
- Stereo speakers
- MicroSD, up to 32GB, 8/16GB storage, 512 MB RAM
- Wi-Fi 802.11 b/g/n, Wi-Fi hotspot
- Bluetooth v2.1 with A2DP, EDR
- MicroUSB v2.0
- 5MP, 2592×1944 pixels, autofocus, LED flash
- Geo-tagging
- 720p@30fps, VGA@60fps
- Android OS, v3.0 (Honeycomb), upgradable to v3.2
- Dual-core 1 GHz Cortex-A9
- Accelerometer, gyro, compass
- Email, Push Email, IM
- Black/Red, Black/Blue

### Model တစ်ခုချင်းစီရဲ့ target customer

Acer Iconia W500 ကတော့ ရုံးလုပ်ငန်းအသုံးပြုတဲ့သူတွေ၊ document တွေနဲ့ presentation အသုံးပြုသူတွေ၊ internet အသုံးပြုသူတွေအတွက် ရည်ရွယ်ပါတယ်။ Acer Iconia A501 နဲ့ A100 ကတော့ fancy နဲ့ stylish ပုံစံမျိုးလေးပါ။ Multimedia ၊ game ဆော့မယ့်သူတွေ၊ internet သုံးမယ့်သူတွေ အဓိကအနေနဲ့တော့ entertainment အသုံးပြုသူတွေအတွက် ရည်ရွယ်ပါတယ်။



### ရောင်းအားအခြေအနေ

Acer Iconia W500 ကိုတော့ ပိုပြီးရောင်းရပါတယ်။ Android နဲ့က သိပ်ပြီးသုံးနေမကျတော့ Windows 7 ကိုအသုံးပြုထားတဲ့ tablet ကို ပိုပြီး အသုံးများကြပါတယ်။

### နောက်ပိုင်းဖြစ်လာနိုင်တဲ့ရောင်းအား

Tablet ကိုတော့ မြန်မာပြည်မှာ တော်တော်လေး စိတ်တော့ဝင်စားလာပါပြီ။ ဒါပေမဲ့ ဈေးကွက်အရတော့ သိပ်ပြီးမတွင်ကျယ်သေးပါဘူး။ ဈေးနှုန်းလည်းသင့်တင့်တဲ့ Android tablet လေးတွေကို ရောင်းရနိုင်ပါတယ်။

**Acer Iconia A501**
- GSM 850/900/1800/1900
- HSDPA 900/2100
- LCD capacitive touchscreen, 256K colors
- Stereo speakers
- Card slot micro SD, up to 32 GB
- 16/32/64 GB storage, 1GB DDR2 RAM
- HSDPA, 21 Mbps; HSUPA, 5.76 Mbps
- Wi-Fi 802.11 b/g/n, Wi-Fi hotspot
- Bluetooth v2.1 with A2DP, EDR
- Micro USB v2.0, USB v2.0
- 5 MP, 2592 × 1944 pixels, autofocus, LED flash
- Geo-tagging
- Android OS, v3.0 (Honeycomb), upgradable to v3.2
- Dual-core 1GHz Cortex-A9
- ULP GeForce
- Accelerometer, gyro, proximity, compass
- Email, Push Email, IM
- Black

### Model တစ်ခုချင်းစီရဲ့ အဓိကပြိုင်ဘက်

Brand တွေအားလုံးကတော့ သူ့ဟာနဲ့သူ ဈေးနဲ့ specification တွေက သင့်တော်ပါတယ်။ အဓိကကတော့ ဈေးနှုန်းချိုသာမယ်၊ specification ကလည်း သင့်တော်မယ်ဆိုရင်တော့ အရမ်းရောင်းရလိမ့်မယ်ထင်ပါတယ်။



**Acer Iconia Tab W500**
- Processor: AMD C-50
- Motherboardchip: AMD Fusion
- RAM capacity: 2.00GB
- Memory type: DDR3
- Screen size: 10.1 in
- Resolution: 1280×800
- Internal disk interface: SATA/300
- Hard disk: SSD
- Wired adpater speed: 100 Mbits/sec

**Aftersale Service ပိုင်း**

Service အနေနဲ့က service ၁ နှစ်နဲ့ parts ၆ လ အာမခံပေးပါတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှာရှိတဲ့ Acer customer care centre တိုင်းမှာ တူညီတဲ့ဝန်ဆောင်မှုကို ရရှိနိုင်ပါတယ်။

**ဈေးနှုန်း**

| | | |
|---|---|---|
| Acer Iconia W500 | – | ၄၈၉,၀၀၀ ကျပ်ဝန်းကျင် |
| Acer Iconia A501 | – | ၄၉၉,၀၀၀ ကျပ်ဝန်းကျင် |
| Acer Iconia A100 | – | ၃၁၅,၀၀၀ ကျပ်ဝန်းကျင် |

Acer ရဲ့ လက်ရှိအမျိုးအစားနဲ့ နောက်ပိုင်းရောက်လာမယ့် tablet နဲ့ပတ်သက်ပြီး Shwe Lamin Nagar Co Ltd, Admin (Sales & Marketing) မှ မဒွေးဒွေးဝင့်က ပြောပြပေးခဲ့တာဖြစ်ပြီး အသေးစိတ်သိချင်ရင်တော့ ဖုန်း ၂၂၁၆၈၃ နဲ့ ၂၁၇၂၃၃ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။

## နောက်ဆုံးရောက် tablet model ၂ မျိုး

နောက်ဆုံးရောက် tablet model ၂ မျိုးကတော့ Eee Pad Transformer TF101 နဲ့ Eee Pad Transformer Prime TF201 တို့ ဖြစ်ပါတယ်။

**Model တစ်ခုချင်းစီရဲ့ အကောင်းဆုံးအချက်**

TF101 ရဲ့ အားသာချက်တွေကတော့ NVIDIA Tegra 2 ၊ Android™ 3.2 Honeycomb OS ၊ Full HD 1080p video playback support with HDMI ၊ Scratch resistant Glass ၊ SRS sound surrounding နဲ့ multi touch support တို့ ပါဝင်တာပဲ ဖြစ်ပါတယ်။

TF201 ရဲ့ အားသာချက်က NVIDIA Tegra 3 ၊ Android™ 4.0 Ice Cream Sandwich OS ၊ Full HD 1080p video playback support ၊ Gorilla® glass touch screen ၊ SonicMaster® HD audio ၊ Metallic spun design နဲ့ multi touch support တို့ ပါဝင်တာပဲ ဖြစ်ပါတယ်။

**Model တစ်ခုချင်းစီရဲ့ target customer**

Target customer အနေနဲ့တော့ မရှိပါဘူး။ ဒါပေမဲ့ လူလတ်ပိုင်းနဲ့ လူကြီးအများစုက စိတ်ဝင်တစား ဝယ်ယူကြပါတယ်။ ဝယ်ယူသူအများစုမှာ Android mobile phone တွေနဲ့ ရင်းနှီးကျွမ်းဝင်တာ၊ Android OS အသစ်ကို စိတ်ဝင်စားပြီးဝယ်ယူတာ၊ service နဲ့ warranty တွေကို သဘောကျတာ၊ Asus အမှတ်တံဆိပ်တစ်မျိုးတည်းကိုသာ သုံးစွဲလိုတဲ့ customer တွေက ဝယ်ယူကြပါတယ်။



**ရောင်းအားအခြေအနေ**

TF101 ကတော့ ဈေးကွက်အတွင်း ပစ္စည်းပြတ်သွားတဲ့အထိ ရောင်းချနိုင်ခဲ့ပါတယ်။ TF201 ကို ဒီလထဲမှာမှ ပြည်တွင်းမှာ တွေ့မြင်ရမှာဖြစ်ပါတယ်။

**နောက်ပိုင်းဖြစ်လာနိုင်တဲ့ရောင်းအား**

နောက်ပိုင်းမှာ TF101 ထက် TF201 ကို ဦးစားပေး တင်သွင်းရောင်းချသွားမှာ ဖြစ်ပါတယ်။

**Eee Pad Transformer TF102**
- Display: 10.1" LED Backlit screen with Super IPS+ (1280×800) 10 finger multi-touch Corning® Gorilla® Glass
- Operating system: Android™ 3.2 Honeycomb[1] (Android™ 4.0 ice cream sandwich upgradable)
- Platform: NVIDIA® Tegra® 3 Quad-core CPU
- Memory: 1GB
- Storage: 32GB/64GB[2] EMMC + 8 GB life time ASUS Webstorage[3]
- Wireless: 802.11 b/g/n, Bluetooth 2.1 + EDR
- Camera: 1.2MP (front), 8MP Auto focus (rear) with flash/F2.4 large aperture
- Interface: PAD: 2 in 1 audio jack (head phone/mic-in), 1×mini HDMI port, 1×micro SD card reader, internal microphone & stereo speaker, moblie dock: 1×USB 2.0 port; 1×SD card reader
- Sensor: G-Sensor, Light Sensor, Gyroscope, E-compass
- Flash support: Yes[3]
- Multi-tasking: Yes
- Special APP: ASUS launcher, @Vibe Music, ASUS WebStorage, Mylibrary, MyNet, MyCloud File Manager, ASUS sync, SuperNote, App Locker, App Backup, TegraZone Polaris Office
- Battery: 12 hours: 25 Wh Li-polymer Battery[4], 18 hours pad with dock; 25Wh (pad) + 22 Wh (docking) Li-polymer Battery[4]
- Size/Weight: 263×180.8×8.3 mm; 586g (pad only)/ 263×180.0×8~10.4mm, 537g (dock only)



**Eee Pad Transformer TF101**

- Display: 10.1" LED Backlit screen with IPS (1280×800) 10 point multi-touch input
- Memory: 1GB
- Storage: 16GB/32GB[1] eMMC + Unlimited ASUS Webstorage[2]
- Wireless: 802.11 b/g/n, Bluetooth 2.1 + EDR
- Camera: 1.2MP (front), 5MP Auto focus (rear)
- Interface: 2 in 1 audio jack (head phone/mic-in), 1×mini HDMI 1.3a port, 1×micro SD card reader, 1×internal microphone, 1×stereo speaker
- Sensor: G-Sensor, Light Sensor, Gyroscope, E-compass GPS
- Flash support: Yes[3]
- Multi-tasking: Yes
- Special APP: ASUS launcher Mylibrary, MyNet, MyCloud File manager Kindle Zinio Magazine PressReader Polaris Office, ASUS sync.
- Battery: 9.5 hours: 24.4 Wh Li-polymer Battery[4], 16 hours with Eee station
- Sinze & weight: 263x180.8x8.3mm;586g(pad only) / 263x180.8x8~10.4mm;537g(dock only)

### Model တစ်ခုချင်းစီရဲ့ အဓိကပြိုင်ဘက်

ပြည်တွင်းဈေးကွက်ထဲမှာတော့ အဓိကပြိုင်ဘက်အနေနဲ့တော့ မရှိပါဘူး။

### Aftersale service ပိုင်း

Aftersale service ပိုင်းမှာတော့ local & international parts နဲ့ service warranty ကို တစ်နှစ်ရရှိမှာဖြစ်ပြီး model ၂ မျိုးစလုံးအတွက် လိုအပ်တဲ့ Android software တွေကိုပါ ဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါတယ်။

### ဈေးနှုန်း

TF101 က ၆၀၉ ဒေါ်လာဝန်းကျင် နဲ့ TF201 က ၇၃၉ ဒေါ်လာဝန်းကျင် ဖြစ်ပါတယ်။

Asus ရဲ့ လက်ရှိ tablet အမျိုးအစားနဲ့ ပတ်သက်ပြီး Golden Power Technology CO LTD မှ ကိုသန်းထိုက်သူက ပြောပြပေးခဲ့တာဖြစ်ပြီး အသေးစိတ်သိချင်ရင်တော့ ဖုန်း ၂၂၆၆၆၄ နဲ့ ၂၁၅၈၁၁ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။

---

# FUJITSU & lenovo

### နောက်ဆုံးရောက် tablet model ၂ မျိုး

နောက်ဆုံးရောက် tablet model ၂ မျိုးကတော့ Lenovo tablet A1 နဲ့ Fujitsu tablet T731 တို့ ဖြစ်ပါတယ်။

### Model တစ်ခုချင်းစီရဲ့ target customer

Lenovo tablet A1 က သွားသွားလာလာ သီချင်းနားထောင်တာ၊ video ကြည့်တာ၊ email သုံးတာ၊ internet သုံးတာတွေမှာ အသုံးပြုဖို့ အဓိကထုတ်လုပ်ထားတာပါ။Andriod OS ဖြစ်တဲ့အတွက် စာရင်းဇယားလုပ်တာ ရုံးလုပ်ငန်းသုံးတာတွေအတွက်တော့ ရည်ရွယ်တာ မဟုတ်ပါဘူး။ ဈေးနှုန်းကလည်း ၂၀၀,၀၀၀ ဝန်းကျင်သာရှိလို့ ဈေးနှုန်း ချိုချိုနဲ့ tablet အသုံးပြုချင်တဲ့သူတွေအတွက် ရည်ရွယ်ပါတယ်။

Fujitsu tablet T731 က tablet တစ်လုံးအနေနဲ့သာမကဘဲ notebook PC တစ်လုံးအနေနဲ့ပါ အသုံးပြုနိုင်လို့ ခရီးသွားများတဲ့ စီးပွားရေးသမားတွေအတွက် အထူးသင့်တော်ပါတယ်။ Microsoft OS ဖြစ်လို့ လုပ်ငန်းပိုင်းဆိုင်ရာတွေအတွက် application အမျိုးမျိုးကို အပြည့်အဝအသုံးချနိုင်မှာ ဖြစ်ပါတယ်။

### ရောင်းအားအခြေအနေ

Lenovo tablet A1 က ၂၀၀,၀၀၀ ဝန်းကျင်ဖြစ်လို့ ဈေးကွက်ဝယ်လိုအားကောင်းပြီး မကြာခဏ ပစ္စည်းပြတ်တဲ့ model ပါ။ Fujitsu tablet T731 က made in japan model ဖြစ်လို့ စီးပွားရေးသမားတွေ အဝယ်များပြီး ရောင်းအားကတော့ ပုံမှန်ရောင်းနေရပါတယ်။

### နောက်ပိုင်းဖြစ်လာနိုင်တဲ့ရောင်းအား

Lenovo tablet A1 က branded tablet တွေထဲမှာ ဈေးနှုန်းအချိုသာဆုံးဖြစ်လို့ နောက်ပိုင်းလည်း ရောင်းအားအကောင်းဆုံး tablet အဖြစ် အချိန်အတော်ကြာ ရပ်တည်ပါလိမ့်ဦးမယ်။ Fujitsu tablet T731 ကတော့ စီးပွားရေးသမားတွေကို အဓိကရည်ရွယ် ထုတ်လုပ်ထားတဲ့ model ဖြစ်တဲ့အတွက် ဈေးနှုန်းကြောင့် အလုပ်အယက်ဝယ်တဲ့ပုံစံမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ customer နဲ့သူကတော့ ပုံမှန်ရောင်းနေရပါလိမ့်မယ်။



**Fujitsu Lifebook T731**

- Intel® Core™ i7 2640M
- Dual digitizer
- 4GB DDR3, 500GB HDD
- 12.1" WXGA display
- DVD super multi burner (modular bay)
- Intel HD graphic, HDMI, Wi-Fi
- 6 cells battery
- Bluetooth, webcam, gigabit LAN
- Spill-resistant keyboard
- CardReader, LED fingerprint sensor
- Anytime USB charging, unique 0-watt AC adaptor
- Touch scroll wheel, 3D shock sensor, free DOS
- 1 year international warranty

**Model တစ်ခုချင်းစီရဲ့ အဓိကပြိုင်ဘက်**

Lenovo table A1 model အတွက် အဓိကပြိုင်ဘက်ကတော့ မရှိသလောက်ပါပဲ။ China market ထဲကဝင်တဲ့ တန်ဖိုးနည်း tablet တွေ ရှိပေမယ့် warranty ပိုင်းနဲ့ brand image ကျတော့ ဝယ်ယူသူတွေက စိတ်မချပါဘူး။ Fujitsu tablet T731 model အတွက် အဓိကပြိုင်ဘက်က တော့ Lenovo Thinkpad X220 ဖြစ်ပါတယ်။ ဈေးနှုန်းမတိမ်းမယိမ်းပဲ ကွာပြီး function အားဖြင့်လည်း တော်တော်များများတူညီပါတယ်။

**Aftersale Service ပိုင်း**

Model ၂ ခုစလုံးအတွက် 1 year warranty (part & service) ပေးထားပါတယ်။

**ဈေးနှုန်း**

Lenovo tablet A1 က ၂၄၉ ဒေါ်လာဝန်းကျင်နဲ့ Fujitsu tablet T731 က ဒေါ်လာ ၁,၄၅၀ ဝန်းကျင် ဖြစ်ပါတယ်။ Lenovo နဲ့ Fujitsu tablet တွေရဲ့ အကြောင်းကို KMD Sales & Service Center မှ ကိုစိုးငွေရက ပြောပြပေးခဲ့တာဖြစ်ပြီး အသေးစိတ်သိချင်ရင် တော့ ၂၄၅၁၈၀ ၊ ၃၈၄၁၀၉ နဲ့ ၃၈၅၁၇၇ တို့ကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။



**Lenovo IdeaPad A1 Tablet**
- ARM Cortex-A8 processor 1.0 GHz
- 7 inch HD multi touch screen
- 512MB DDR2 RAM
- Android™ 2.3
- 16GB internal memory
- 3 megapixel rear camera, 0.3 MP front camera
- Wi-Fi 802.11 b/g/n
- Bluetooth 2.1 with EDR
- Micro USB ports
- Up to 5 hours battery life (Up to 7 hours for web browsing)

msi™

**နောက်ဆုံးရောက် tablet model ၂ မျိုး**

နောက်ဆုံးရောက် tablet model ၂ မျိုးကတော့ Winpad Enjoy 7 နဲ့ Windpad Enjoy 10 တို့ ဖြစ်ပါတယ်။

**Model တစ်ခုချင်းစီရဲ့ အကောင်းဆုံးအချက်**

Mini HDMI port ပါဝင်တဲ့အတွက် LCD TV နဲ့ တခြား HDMI ပစ္စည်းတွေနဲ့ ချိတ်ဆက်နိုင်ပြီး smart medialink နည်းပညာက media sharing တွေကို အလွယ်တကူလုပ်ဆောင်နိုင်မယ့်အပြင် HD movie တွေကို အပြည့်အဝခံစားနိုင်မှာ ဖြစ်ပါတယ်။

**Model တစ်ခုချင်းစီရဲ့ target customer**

နည်းပညာပိုင်း စိတ်ဝင်စားတဲ့သူတွေ၊ ကျောင်းသားကျောင်းသူတွေ multimedia နဲ့ game အသုံးပြုချင်သူတွေနဲ့ သင့်တော်ပါတယ်။

**ရောင်းအားအခြေအနေ**

ရောင်းအားကတော့ မှန်းသလောက်ကြီးလည်း မရသေးပါဘူး။

**နောက်ပိုင်းဖြစ်လာနိုင်တဲ့ရောင်းအား**

နောက်ပိုင်းရောင်းအားက ပိုရောင်းရလာနိုင်ပါတယ်။ သူ့ရဲ့ market က သီးသန့်ဖြစ်လာပါလိမ့်မယ်။




**MSI Winpad Enjoy 10 Specification and Features.**
- ARM Cortex A8 1.2GHz processor
- 10.1-inch (1024×768) capacitive multi-touch display
- Ambient light sensor, Gravity Sensor, E-Compass
- Android OS v2.3 (Gingerbread)
- Wireless LAN connectivity
- Bluetooth
- Optional GPS
- Dual Camera – Front and Rear , 2MP each
- 4GB of storage
- 512MB DDR3 Memory
- Ports : microUSB,mini HDMI, 3.5 mm audio jack
- 27.3WHr (10.1-inch)
- Weight : 795gm (10.1")
- Battery backup up to 5 hours




**MSI WinPad Enjoy 7 Specifications**
- CPU type: ARM Cortex A8
- CPU speed: 1200 Mhz
- Operating System: Android 2.3
- Display Size: 7.0" 800 X 480
- Screen Type: LED-Backlit LCD
- Touch Technology: Capacitive Multi-touch
- Display Type: Soft (Finger) Touch
- RAM: 512 MB
- Flash: 4 GB
- Keyboard: NO
- Mouse Pointer: NO
- Battery capacity: 17.3 (Wh)
- Weight: 395gm / 13.9 oz

**Model တစ်ခုချင်းစီရဲ့ အဓိကဖြိုင်ဘက်**

အဓိကဖြိုင်ဘက်လို့ သဘောမထားပါဘူး။ နည်းပညာနဲ့ လူတွေကို အကျိုးပြုပေးနေတဲ့ လုပ်ဖော်ကိုင်ဖက် brand တွေအဖြစ်ပဲ မြင်ပါတယ်။

**Aftersale service ပိုင်း**

Aftersale service ပိုင်းမှာတော့ parts ကို warranty ၆ လပေးထားပြီး service ကိုတော့ တစ်နှစ်ပေးထားပါတယ်။

**ဈေးနှုန်း**

Winpad Enjoy 7 က ၂၇၅ ဒေါ်လာနဲ့ Windpad Enjoy 10 က ဒေါ်လာ ၃၆၀ ဖြစ်ပါတယ်။

MSI tablet တွေရဲ့ အကြောင်းကိုတော့ Royal Smart Co Ltd မှ Marketing Manager ကိုကောင်းမြတ်ကပြောပြပေးခဲ့တာဖြစ်ပြီး အသေးစိတ်သိချင်ရင်တော့ ဖုန်း ၂၂၇၇၈၁ နဲ့ ၂၁၈၀၄၁ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။

---

# ViewSonic®

**နောက်ဆုံးရောက် tablet model ၂ မျိုး**

ViewSonic Brand Tablet တွေထဲကနောက်ဆုံးထုတ် tablet နှစ်မျိုးက ViewPad 10E နဲ့ ViewPad 10Pro Series ပါ။

**Model တစ်ခုချင်းစီရဲ့ အကောင်းဆုံးအချက်**

ViewPad 10E က ultra slim ဖြစ်လို့ အရမ်းကိုပါးလွှာကျစ်လျစ်တဲ့ပုံစံ ဖြစ်ပါတယ်။ ViewPad 10Pro ကတော့ Android ရော Window-7 ရော နှစ်မျိုးလုံးသုံးလို့ရတဲ့ ကမ္ဘာ့ပထမဆုံး tablet ပဲဖြစ်ပါတယ်။

**Model တစ်ခုချင်းစီရဲ့ target customer**

ဘယ်လိုလူတွေမှ သုံးသင့်တယ်လို့တော့ မသတ်မှတ်ထားပါဘူး။ ခရီးသွားရင်းနဲ့ပဲဖြစ်ဖြစ်၊ ကျောင်းသား၊ ကျောင်းသူတွေပဲဖြစ်ဖြစ်၊ သွားရင်းလာရင်းနဲ့ game ဆော့မယ်၊ သီချင်း နားထောင်မယ်၊ internet ကြည့်မယ်၊ ebook တွေဖတ်မယ်၊ office file တွေသုံးမယ်၊ Window-7 ပါတဲ့ tablet တွေမှာတော့ android မှာသုံးလို့ရတဲ့ file တွေအပြင် computer တစ်လုံးလိုပဲ အသုံးပြုလို့ ရတဲ့အတွက် ကိုယ်သွားလေရာမှာ laptop တစ်လုံးအစား သုံးလို့ရမှာဖြစ်ပါတယ်။

**ရောင်းအားအခြေအနေ**

ViewPad 10E ကတော့ဈေးနှုန်းလဲ သင့်တင့်ပြီး design ကလည်း ပါးလွှာတယ်ဆိုတော့ လူကြိုက်ပိုများပါတယ်၊ ရောင်းအားလည်း ပိုကောင်းပါတယ်။ ViewPad 10Pro ကတော့ OS ၂ ခုရတဲ့ အတွက် tablet ကို PC လို သုံးချင်တဲ့ user တွေပဲ ရွေးချယ်ဝယ်ယူ ကြပါတယ်။

**နောက်ပိုင်းဖြစ်လာနိုင်တဲ့ရောင်းအား**

နောက်ပိုင်း tablet တွေရဲ့ ရောင်းအားက ကောင်းလာလိမ့်မယ်လို့ မျှော်လင့် ပါတယ်။

**Aftersale service ပိုင်း**

Aftersale service ပိုင်းကိုတော့ ၆ လ warrenty ပေးထားပါတယ်။ ဒါပေမဲ့ user fault ကတော့ မပါပါဘူး။ ဥပမာ – ကျကွဲတာမျိုး၊ ရေဝင်တာမျိုး၊ မီးအားကြောင့် ဖြစ်တာမျိုး စတာတွေတော့ မရပါဘူး။ Factory ကြောင့်ဖြစ်တဲ့ error မျိုးကိုပဲပေးတာပါ။



**Viewsonic ViewPad 10 Pro**

- 10.1" LCD, multi-touch screen, LED backlight, 1024×600, 700:1
- Wi-Fi (802.11 b/g/n), bluetooth 2.1 + EDR
- 1.3 megapixel camera (front)
- Intel Pine Trail N455 1.66 GHz
- 2GB DDR3, 16GB SSD, 2GB DDR3, 32GB SSD
- 3.5mm audio jack, 2 USB 2.0 ports, mini VGA port, Micro SD card slot
- G-Sensor
- 3200mah Life 4 hrs



**Viewsonic ViewPad 10 E**

- 9.7 inches (diagonal) LED-backlit, 4:3 aspect ratio
- G-Sensor
- IPS 1024×768 high resolution
- Capacitive multi-touch
- Wide viewing angle
- 1GHz processor
- 1.3MB front camera
- Mini HDMI port
- Micro SD slot

**ဈေးနှုန်း**

| | | |
|---|---|---|
| ViewPad 10E | – | ၂၈၀,၀၀၀ကျပ်ဝန်းကျင် |
| ViewPad 10Pro (Windows 7 Home Premium) | – | ၅၅၀,၀၀၀ ကျပ်ဝန်းကျင် |
| ViewPad 10Pro (Windows 7 Professional) | – | ၆၀၀,၀၀၀ ကျပ်ဝန်းကျင် |

ViewSonic tablet တွေနဲ့ ပတ်သက်ပြီး Royal Ayeyarwaddy Co Ltd မှ မစုစုထွေး( Sales & Marketing ) ကပြောပြပေးခဲ့တာဖြစ်ပြီး အသေးစိတ်သိချင်ရင်တော့ ဖုန်း ၃၈၄၈၅၀၊ ၃၈၉၃၆၆ နဲ့ ၃၉၄၄၉၄ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။